အင်းနီကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းနီကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	အင်းနီကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
	အင်းနီကျေးရွာ ရာသီခွင်ပြပက္ခဒိန်၊ သထုံမြို့နယ်	၆
	အင်းနီကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်	၇
	အင်းနီကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၁
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၂
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၂
	(ခ) ကျေးရွာ မီးလင်းရေး	၁၃
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၃
၆။	**ပညာရေး**	၁၃
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၄
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၅
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၆
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၇
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၀
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၁
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	**၂၉**

	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၄
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၆
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်

ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။


ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းနီကျေးရွာ

သထုံမြို့နယ်

အင်းနီကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်





အင်းနိကျေးရွာ ရာသီခွင်ပြပက္ခဒိန်၊ သထုံမြို့နယ်

ထောင်မျှော်ကျေးကွာအုပ်စုအောင်နိုင်ကျေးကွာတို့ဂျပန်ဘာသာစကားသင်ခန်းစာ

အကြွစ်အပျက်များ:	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	ဥတုအခြေအနေ	တပို့တွဲ	အပေါင်း
ရာသီဥတု										
ဒေသပုံစံအကြိုင်	စည်းကိုတ်	စည်းကိုတ်	လယ်ထွန်	ကောက်ရိတ်	ကောက်ရိတ်	ကုန်းဘောင်ခြစ်	မကူး:မျိုးကွဲ ကြဲကာခြစ်	မလေး:မိုက် ကြဲကာခြစ်	မလေး:မိုက် ကြဲကာခြစ်	အင်္ကာလေး/ ထမင်း:ခွက် ကြဲကာခြစ်	ကြဲကာခြစ်
လေ့လာသင်ကြား: ဖြိုသား: စု များ:ဝင်ငွေရှိခြင်း	အသင့်တင်	များ:	များ:	များ:	များ:	များ:	အသင့်အတင်	အသင့်အတင်	အသင့်အတင်	အသင့်အတင်	များ:
ဒေသခံ: စရိတ်	များ:	အသင့်အတင်	အသင့်အတင်	များ:	အသင့်အတင်	များ:	များ:	များ:	အသင့်အတင်	အသင့်အတင်	များ:
ရေချေ: ငွေလိုအပ်မှု	အသင့်အတင်	အသင့်အတင်	အသင့်အတင်	များ:	များ:	အသင့်အတင်	များ:	အသင့်အတင်	အသင့်အတင်	အသင့်အတင်	အသင့်အတင်
ထမင်းစားဖိုလုံခြုံမှု	အသင့်အတင်	များ:	များ:	များ:	များ:	အသင့်အတင်	အသင့်အတင်	အသင့်အတင်	အသင့်အတင်	အသင့်အတင်	အသင့်အတင်
ဘိုးဘွားနှင့်အာဆရာဂို့ မှု	များ:	များ:	များ:	များ:	များ:	များ:	များ:	များ:	များ:	ချေး:	များ:
တိုးရုံစွန့်နှင့်ကောင်းကြေးစားကြမှု	ကြောက်တတ်ခွေး: တက်တတ်ခွေး	ကြောက်တတ်ခွေး:/ တက်တတ်ခွေး:	-	ခွေးနာ/ လျော်ကာ	ခွေးနာ/ လျော်ကာ	-	-	-	-	-	ကြောက်တတ် ကြွေး/ တက်တတ်ခွေး:
ကျွန်ုပ်: မောင်ရေ:(ဖျား:နိုက်ခြင်း)	-	ဝမ်း:မျက်/ ဝမ်း:ကျော်	ဝမ်း:မျက်/ ဝမ်း:ကျော်	တုတ်ကြွေး:	ငှက်များ:	-	-	တုတ်ကြွေး:	နှာဘေး/ ခွေးဝင်းဆွဲ:	နှာဘေး/ ခွေးဝင်းဆွဲ:	-	-
သွေး:ခွဲပုံ: များ:ကောင်းကြေးစားမှု	-	—	—	ပုံးဆန်ဖို့:	နှံဖူးကိုဖို့:	ခြင်းကြွဖို့:	ခွံကောင်/ ခွံကြွက်ဖို့:	ဆု	ခု	ခု	-	-
သောကမဲသုံး: ရေရှင်ဖို့	ရေစွာ:	ရေစွာ:	ရေပေါ	ရေပေါ	ရေပေါ	ရေပေါ	ရေပေါ	ရေပေါ	ရေပေါ	ရေပေါ	ရေစွာ:	ရေစွာ:
ဖို့ ရထော်	သင်္ကြန်	ထွေးစေ့ ဆွဲ: ဖို့	စာပြဖို့	ဝါဆိုသင်္ကန်း: ကပ်	စာလုတ်ဖို့	ကျေးဇူးတင်ပွဲ/ ပိုးပုံးဝိုင်းဖို့	ဖွဲ့: ထောက်ခံ	ကစိုး/ ကြာသင်္ကန်းကပ်	-	-	ထမင်း:ရှဲ/ ဖြာသပိတ်ခွေး တွေ့ခြင်းသာကျေး:	ပဒုမ္မာ:ဖို့/ ခွေး: ဆောင်ဖို့
ဘာကားစေး: ဆွဲဖို့ကျပေ	-	-	-	ကျောက်:	ကျောက်:	-	-	-	-	-	-	-

အင်းနီကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်





အင်းနီကျေးရွာ ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

အချက်အလက်	အဆင့်ပြသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ဝေါင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အိမ်ထောင်စု	၁၁	၃၀	၆၆	၁၅၇
ပြေပြေလျော်ကင်းဆိုင်ရာ	၅ဒေါ်အာထက်	၅ဒေါ် အာအောက်	၂.၅ဒေါ်အောက်	မရှိ
အိမ်အကြောအရော	သစ်အိမ်	သွပ်မိုး ပျဉ်ကာ	ပျဉ်ခင်း၊ ဝါးအိမ်	ဖောက်ချိုး
ကျွဲနွားတောင်လယ်မြေ ဒုံးဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ် ထောက်လှာဂျီ	ကား၊ဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွား ရေးလုပ်ငန်း	စပါး၊ကျေးဘာခြံ ရွေး ဆိုင်	စပါး၊ကျေးဘာခြံ	စပါး/ဆိုင်ကယ် ကယ်ရိ	ငှားကာကျဘန်း

၁။ တည်နေအရာနှင့် ပထဝီဝင် အနေအထား

အင်းနီကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် မြတ်စံကျေးရွာ၊ အနောက်ဘက်တွင် သထုံ-မော်လမြိုင် အဝေးပြေးလမ်းမကြီး၊ မြောက်ဘက်တွင် ကြာပန်းကျေးရွာ၊ တောင်ဘက်တွင် ထောင်မှူးကျေးရွာတို့ တည်ရှိပါသည်။ ကျေးရွာတွင် ကရင်တိုင်းရင်းသားများသာ နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အင်းနီကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ အင်းနီကျေးရွာတွင် လယ် (၂၉၆) ဧကနှင့် ရော်ဘာခြံ (၆၂.၃) ဧက ရှိပြီး အခြားနီးစပ်ရာကျေးရွာမှ လယ်မြေများနှင့် ယှဉ်လျှင် မြေဆီလွှာ အရည်အသွေး ညံ့ပါသည်။ သီးနှံများ မစိုက်သည့် မြေလွတ်မြေလပ် များမရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အင်းနီကျေးရွာရှိ အင်းနီကျေးရွာအုပ်ချုပ်ရေးအဖွဲ့ တွင် (ကျား- ၂၌း)၊ ရပ်မိရပ်ဖအဖွဲ့တွင် (ကျား- ၁၀၌း)တို့ပါဝင်ပြီး ကာလသား/သမီးအဖွဲ့တွင် (ကျား-၂၀၌း+မ-၃၀၌း) တို့ပါဝင်ပါသည်။ အင်းနီကျေးရွာသည် အုပ်ချုပ်ရေး၊စီမံကွပ်ကဲရေးတို့တွင် အမျိုးသမီးများ မပါဝင်ပါ။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ကြပါသည်။ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး ၊သာရေးနာရေးကိစ္စများကိုကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ ၊ကာလသား/သမီး ၊ စသည့်အဖွဲ့များ တစ်ဖွဲ့နှင့် တစ်ဖွဲ့တာဝန်များခွဲ၍ စည်းစည်း လုံးလုံး ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင် အဖွဲ့(ကျား-၁၀၌း) တို့ပါဝင်ပြီး ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမ များနှင့်ပူးပေါင်း၍ ကျေးရွာ၏ ပညာရေး ကဏ္ဍာတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အင်းနီကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေ သည့် ပြင်ပ အဖွဲ့အစည်းများမရှိပါ။

(က) သီးနှံ စိုက်ပျိုးရေး

အင်းနီကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ ထက်ဝက်ကျော်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် နွေစား၊ ကျပန်း၊ မွေးမြူရေး၊ ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ၁၂.၅ကေအထက် ပိုင်ဆိုင်သည့် တောင်သူကြီး ဦးရေများပြားပြီး တောင်သူလတ် ဦးရေနည်းပါးပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးကို မိုးရေဖြင့် အဓိကထား စိုက်ပျိုးကြပြီး အချို့လယ်ကေများသည် နွေရာသီတွင် စျေးမသွယ်ချောင်းရေကို အသုံးပြုကြသည်။ စျေးမသွယ်ချောင်း ရေသည် ဒုံသမိချောင်းရေ နှင့် ဆက်စပ်နေပြီး ဒီရေမတက်သောကြောင့် ချောင်းရေကျနေ သဖြင့် ရေပေးမြောင်းသို့ ရေမရောက်ဘဲ စိုက်ပျိုးရေ အတွက် အခက်အခဲရှိပါသည်။ အချို့လယ်များ သည် အင်းနှင့် နီးသဖြင့် အင်းထဲရှိရေများကို စက်ဖြင့်စုတ်ယူ၍ စိုက်ပျိုးရေကို အသုံးချကြပြီး အင်း ဝေးသောလယ်များသည် စိုက်ပျိုးရေ ကိုလုံလောက်စွာမရရှိသောကြောင့် စပါးများခြောက်ကာ အထွက်နှုန်းကျခြင်း၊ စပါးများဖျင်းခြင်း စသည့် အခက်အခဲများကြုံတွေ့ရပါသည်။အင်းနီကျေးရွာသည် စပါးကို အဓိကထားစိုက်ပျိုးသောကျေးရွာဖြစ်ပါ သည်။ စပါးစိုက်ပျိုးရေးအထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိပါ။ ရာသီဥတု အခြေအနေပေါ်မူတည်၍ အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် ၂၅ တင်းခန့်သာထွက်ရှိပါသည်။ စပါးအထွက် နှုန်းနည်းရခြင်းမှာ စိုက်ပျိုးရေးနည်းပညာများ လိုအပ်ခြင်းနှင့် နွေရာသီတွင် စိုက်ခင်းများရေခမ်း ခြင်းဖြင့် စပါးများပျက်စီးဆုံးရှုံးမှုတို့ကြောင့်ဖြစ်သည်။

အင်းနီကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများဝိုင်ဆိုင်မှုမှာ နည်းပါးပြီး ဌားရမ်းအသုံးပြု နေသည့် အိမ်ထောင်စုများရှိကြပါသည်။ လူဖြင့် ရိတ်သိမ်းကြပြီး အဌား စက်များဖြင့် စပါးခွေကာ အဌားစက်များဖြင့် စပါးလှေ့ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ သာရှိကြပါသည်။သဘာဝရေမြေရာသီဥတုများ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေး အတွက် အဆင်ပြေခြင်း မိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး ချောင်းရေယူ၍ လည်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ မြို့နှင့်နီးသောကြောင့် စိုက်ပျိုးရေးတွင် မြေဩဇာများကို ဝယ်ယူရနိုင်သည်။ စိုက်ပျိုးရေး လုပ်ငန်းအတွက် ကုန်များကို လည်းကုန်သည်ပွဲစားများနှင့် စျေးတွင် စျေးနှုန်း မှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။ မျိုးစေ့များကို ကိုယ်တိုင်လုပ်ယူရပါသည်။ စိုက်ပျိုးရေး ချေးငွေ များကိုလည်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇) ဖြင့် ချေးယူနိုင်ပါသည်။ အင်းနီကျေးရွာတွင် ကျဘမ်းလုပ်ကိုင်သည့် အိမ်ထောင်စုများသော် လည်းအသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာ အားနည်းသောကြောင့် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးသဖြင့် ပြည်ပနိုင်ငံများတွင် သွား ရောက်လုပ်ကိုင်သည့် လူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးခြင်း အခက်အခဲများ ကြုံတွေ့နေရပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် နွေစပါးစိုက်ရာတွင် ခရုဖျက်ပိုးများ ကြုံတွေ့ရသဖြင့် ဆုံးရှုံးမှုများကြုံတွေ့ရပါသည်။ လယ်များသည် အထွက်နှုန်းနည်းပါးပြီး နည်းပညာ အားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ

နည်းပညာများလာရောက်ဝေမျှမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များရရှိလာနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၀) အိမ်ရှိပြီး နွားကောင်းရေ (၃၃) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၁) စုမှ (၁၅) ကောင်၊ အိမ်ထောင်စု (၃) အိမ်မှ ဆိတ် (၁၈) ကောင်၊ အိမ်ထောင်စု (၉၁) အိမ်မှ ဝက် (၂၀၀) ကောင်၊ အိမ်ထောင်စု (၁၀၁) အိမ်မှ ကြက် (၅၀၄) ကောင်၊ အိမ်ထောင်စု (၃၀) အိမ်မှ ဘဲ (၁၇၅) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ အင်းနီကျေးရွာတွင် ကြက်၊ ကျွဲ၊ နွား၊ ဝက်၊ဘဲ၊ဆိတ်များကို တစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိပါ။

မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ ဆောင်ရွက်သဖြင့် ရေနှင့်ပတ်သက်သော အခက်အခဲများမရှိပါ။ သထုံမြို့နှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာ နှင့် ဆေးများကို အလွယ်တကူဝယ်ယူနိုင်ပါသည်။ တိရစ္ဆာန်များကိုလည်း အိမ်ခြံဝန်းအတွင်း မြေ နေရာလွပ်များတွင် တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အတွက် အရင်းအနှီးချေးငွေများကို မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် ချေးငွေကို အသင့်အတင့်ရရှိပါသည်။ အင်းနီကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာအစာရှာနိုင်သည့် ကျေးရွာပိုင် စားကျက်မြေများမရှိသည့်အပြင် မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့်ရာသီကူးပြောင်းချိန်တွင် ရောဂါကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါကမွေးမြူ ရေးနှင့်ပတ်သက်သည့် နည်းပညာ နှင့် အတွေ့အကြုံ အသိပညာများလိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

အင်းနီကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်အခြားအသက်မွေး ဝမ်းကျောင်းပြုနေသူများသည် အများအားဖြင့် နေစားကျဘမ်းသမားများ၊ လက်သမား၊ပန်းရံများ နှင့် ဈေးရောင်းခြင်းလုပ်ငန်းများကိုလုပ်ကိုင်သူများဖြစ်ကြပါသည်။ အင်းနီကျေးရွာတွင် တစ်ပိုင် တစ်နိုင် ဈေးဆိုင်များအနည်းငယ်ဖွင့်ထားပါသည်။ လျှပ်စစ်မီးလည်းရရှိနေပြီးဖြစ်ပါသည်။ စီးပွားရေးအတွက်ချေးငွေများကို မိတ်ဆွေ ၊ ဆွေမျိုးများထံမှ အသင့်အတင့်ရရှိသော် လည်းလုံလောက် သည့်

ပမာဏများမရရှိပါ။ကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ် သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား၊ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့် လိုက်လျောညီ ထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်ခြင်းမရှိခြင်းတို့ကြောင့် လုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် တခြားဒေသများနှင့် နိုင်ငံခြားတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သား အင်အားရှားပါးပါသည်။ ထို့ကြောင့် နေ့စားကျလမ်းသမားများသည် မျိုးနုတ်၊ ကောက်စိုက် စသည့် လုပ်ငန်းများသာ လုပ်ကိုင်ကြရသဖြင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးချဲ့ လုပ်လိုကြသဖြင့် စက်ချုပ်သင်တန်း၊ ဆပ်ပြာရည်သင်တန်း၊ စက်ပြင်သင်တန်း၊ကွန်ပျူတာ သင်တန်း၊ ဖုန်းပြင်သင်တန်း၊ မိတ်ကပ်ပြင်သင်တန်း၊ ရေခဲမုန့်သင်တန်း စသည့် သင်တန်းများကို တတ်မြောက်မည်ဆိုပါက မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိပြီးစီးပွားရေး အဆင်ပြေချောင်လည်လာမည်ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းကို ကိုယ်ပိုင်လုပ်သူများသာ မြန်မာ့လယ်ယာ စိုက်ပျိုးရေး ဘဏ်တွင် အတိုးနှုန်းသက်သာစွာဖြင့် အလွယ်တကူချေးယူနိုင်သော်လည်း အခြား အသက် မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများနှင့် ကျဘမ်းသမားများသည် ငွေချေးပေး သူထံတွင် အပေါင်ခံပစ္စည်းများဖြင့် အတိုးနှုန်းများစွာဖြင့် ချေးငွေယူသော်လည်း လုံလောက်သည့် ငွေကြေးပမာဏမရရှိပါ။ မိတ်ဆွေနှင့် ဆွေမျိုးများထံတွင်လည်း ချေးငွေအနည်းငယ်သာရရှိပါသည်။ ပြင်ပချေးငွေဝန်ဆောင်မှုများမရှိခြင်းကြောင့် ငွေကြေးအရင်းအနှီး အခက်အခဲအနည်း ငယ်ရှိပါ သည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသည် ကာလရှည်ချေးငွေနှင့် မြစိမ်းရောင်စိမံကိန်း များရရှိမည်ဆိုပါက လုပ်ငန်းများပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ပြီး စီးပွားရေးအဆင်ပြေချောင်လည် လာမည် ဖြစ်ပါ သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၁၇၇) စီး၊ မော်တော် ဆိုင်ကယ် (၈၀) စီး၊ သုံးဘီးဆိုင်ကယ် (၉) စီး၊ ထော်လာကျီ (၄) စီး၊ ကား (၄) စီး ၊ သယ်ယူ ပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။အင်းနီကျေးရွာတွင် နေ့စားကျဘမ်းလုပ်သများများသည့် မိုးတွင်း ကာလများတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်မောင်းခြင်း၊ လုပ်ငန်းများကို လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာကျီများဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေကြပါသည်။

အင်းနီးကျေးရွာရှိလမ်းများအားလုံးမှာ မြေသားလမ်းများသာ ဖြစ်ကြပါသည်။ ကျေးရွာ အမှတ်(၁) လမ်းသည် မိုးတွင်းကာလတွင် ဗွက်ထခြင်း၊ ဖုန်ထူခြင်းများကြုံ တွေ့ရပြီး ရွာသူ/သား များ အသုံးများဆုံးလမ်းဖြစ်ပါသည်။ အမှတ်(၂)လမ်းသည် ရွာချင်းဆက်လမ်း ဖြစ်ပြီး မြတ်စံ၊ ရွှေဘော်ကုန်း၊ ဆင်ကျုံးသို့ သွားရာလမ်းဖြစ်ပြီး မြတ်စံစာသင်ကျောင်းနှင့် ထိပ်တိုက် ဆက်စပ်နေ သည့် လမ်းဖြစ်သည့် အတွက် ရွာသူ/သားများဝိုမိုအသုံးပြုသောလမ်းလည်းဖြစ်ပါသည်။ အမှတ်(၄) လမ်းသည်ခရိုင်ချင်းဆက်လမ်းအမှတ်(၁)နှင့် ပြန်ဆက်သွယ်ထားသည့်လမ်းဖြစ်သော် လည်း ကျေးရွာသူ/သားများအသုံးပြုမှုနည်းပါသည်။ အမှတ်(၅)လမ်းသည် ရွာပတ်လမ်းဖြစ်သည့် အတွက် အသုံးပြုမှုအများဆုံးလမ်းဖြစ်ပါသည်။ အမှတ်(၃)လမ်းသည် အခြားလမ်းများထက် မိုးတွင်းကာလ များတွင် ဗွက်ထခြင်းနှင့် သွားလာရခက်ခဲခြင်းဝိုမိုကြုံတွေ့ရပါသည်။ဒါ့အပြင် ဘုန်းကြီးမှ မတည်၍ မြို့ဆင်းလမ်း(ကုန်ထုတ်လမ်း)ကို မရင်းကွင်းကြားတွင် ဖောက်ထားပြီး လမ်းသားအမြင့်မှာ (၇)ပေခန့်ရှိပါသည်။ဂင်းလမ်းသည် သုဓမ္မဝတီ မြို့သစ်နှင့် ချိတ်ဆက်ရန် လမ်းကို ဖောက်လုပ် ဆဲဖြစ်ပါသည်။ ဂင်းကုန်ထုတ်လမ်းကို ဆောင်ရွက်ချင်ကြသော်လည်း အင်းကိုဖြတ်ပြီး ဖောက်လုပ်ရမည် ဖြစ်သည့် အတွက် မိုးတွင်းကာလများတွင် ရေမြုပ်တတ် သောကြောင့် လမ်းကို ဝိုမြှင့်ရန်လိုအပ်ပါသည်။ အင်းနီကျေးရွာတွင် တံတား(၁)စင်းသာရှိပြီး ဘုန်းကြီးကျောင်း တံတားသည် ပြန်ပြုပြင်ထား သည်မှာ(၁၀)နှစ်ခန့် ရှိပြီးဖြစ်ပါသည်။ အင်းနီ ကျေးရွာတွင် ရေကြောင်းဖြင့်သယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

အင်းနီရွာတွင် လျှပ်စစ်မီးအသုံးပြုနေသည့် အိမ်ထောင်စု(၁၂၅)စု၊ ဆိုလာစနစ်ကို အသုံးပြုနေသည့်အိမ်ထောင်စု(၈)စု၊ ဒီဇယ်အင်ဂျင်ကို အသုံးပြုနေ သည့် အိမ်ထောင်စု(၁)စုနှင့် ၊ လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၂၀) စု ရှိပါသည်။ အင်းနီကျေးရွာသည်

ကိုယ်ထူကိုယ်ထ စနစ်ဖြင့် လျှပ်စစ်မီးဆောင်ရွက် ထားသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ထရန်စ ဖော်မာတစ်လုံးလည်းရှိပါသည်။ ကိုယ်ထူကိုယ်ထ စနစ်ဖြစ်ဆောင်ရွက်ထားသောကြောင့် မီးကြိုး များမှာကြိုးလုံးသေးပြီး ကာဗာကြိုးများကို အသုံးမပြု ထားသောကြောင့် မိုးတွင်းကာလများတွင် အန္တရာယ်ရှိနိုင်သဖြင့် မီးကြိုးကြီး ကာဗာကြိုး(၄)ချောင်းအားအစားထိုးတပ်ပေးရန်လိုအပ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အင်းနီကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၀၈) လုံး၊ ရေဒီယို (၉) လုံး၊ တီဗွီ (၉၈) လုံး၊ ဂြိုလ်တုစလောင်း (၉၅) လုံး စသည်တို့မှ ရရှိသည့်အပြင် သတင်းအချက် အလက်ဖြန့်ဝေခြင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ တဆင့် သိရှိရပါသည်။ ကျေးရွာအနီးအနားတွင် ဖုန်းတာဝါတိုင်ရှိခြင်းကြောင့် ဆက်သွယ်ရေးဆိုင်ရာအခက်အခဲရှိပါသည်။

၆။ ပညာရေး

အင်းနီကျေးရွာ၏ စာမတတ်သူဦးရေများမှာ အသက်ကြီးရွယ်အိုများ ဖြစ်ကြသည်။ မူလတန်းအဆင့်အောင်မြင်သူ (၅၈၂)ဦး၊ အလယ်တန်းအဆင့်တတ်မြောက်သူ(၁၁၈)ဦး၊ အထက် တန်းအဆင့် အောင်မြင်သူ(၇၈)ဦး၊ တက္ကသိုလ်အောလိပ်တတ်မြောက်သူ(၁၈)ဦး တို့ရှိသည်။ အင်းနီကျေးရွာတွင် ကျေးရွာပိုင် မူလတန်းကျောင်းရှိပြီးမူလတန်းပညာထိမိမိတို့ ကျေးရွာ ကျောင်းတွင် သင်ယူနိုင်ပါသည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကို ကြာပန်းကျေးရွာ ရှိ အ.ထ.ကကျောင်းတွင် ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေ သည့် ကျောင်းသူအနည်းငယ်သာရှိပါသည်။

ကျေးရွာပိုင် အ.မ.က(အင်းနီ)ကျောင်းတွင် ကွန်ကရစ်ကျောင်းဆောင် နှစ်ခုရှိပါသည်။ အင်းနီကျေးရွာမှ ကျောင်းသားများသာမက အခြားနီးစပ်ရာ ကျေးရွာများမှပါ လာရောက် ပညာသင်ကြားနေကြပါသည်။ ကျောင်းသုံပရိဘောဂလည်း လုံလောက်မှုရှိပါသည်။ ကျောင်းခြံ စည်းရိုး ကို တောင်ဘက်နှင့်အနောက်ဘက်တွင်သာ သံဇကာဖြင့် ကာရံထားပြီး ကျန် မျက်နှာစာ များ ကို ဝါးဖြင့်သာကာရံထားသောကြောင့် ကလေးများလုံခြုံစွာ ပညာသင်ကြားနိုင်ရန် အတွက် ကျောင်းခြံစည်းရိုးအား အုတ်ဖြင့် သေချာကာရံခြင်းသည် ကလေးများဘေးကင်းစွာစိတ် ချစွာ ပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။ ကျောင်းတွင် လက်တူးတွင်းတစ်တွင်းရှိသော်လည်း ယခင်က ၁၉တောင်အထိသာ တူးထားသောကြောင့် နွေရာသီတွင်ရေခမ်းသဖြင့် ကျောင်းသားများ ရေလုံလောက်မှုမရှိသော ကြောင့် အနက်၃တောင်ပြန်နှိုက်ထားသောလည်း အဆင်မပြေသဖြင့်

ကျောင်းတွင် စက်ရေတွင်းတစ်တွင်း တည်ဆောက်ပေးမည်ဆိုပါက ကျောင်းသားများအတွက် သောက်သုံးရေကို အဆင်ပြေလွယ်ကူစွာရရှိနိုင်မည်ဖြစ်ပါသည်။ ဒါ့အပြင် လွန်ခဲ့သောနှစ်ကတည် ဆောက်ထားသောကျောင်းသုံးရေစင်တစ်ခုလည်းရှိပါသည်။အင်းနီကျေးရွာ၏ မူလတန်းကျောင်း တွင် ဆရာ/ဆရာမများလည်း လုံလောက်မှုရှိပြီး ကျောင်းထွက်နှုန်းလည်း မရှိသဖြင့် ပညာသင်ကြားမှုနှင့်ပတ်သက်သည့် အခက်အခဲများမရှိပါ။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အင်းနီကျေးရွာတွင် ဝမ်းပျက်ဝမ်းလျောရောဂါနှင့် သွေးလွန်တုတ်ကွေး ရောဂါများသည် မိုးရာသီတွင် အဖြစ်များသောလည်း နီးစပ်ရာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသ နေကြပါသည်။ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအတွက်လိုအပ်သည့် ကာကွယ်ဆေး များအား လာရောက်ထိုးပေးလျက်ရှိပြီး ၂၀၁၉ခုနှစ်တွင် ကျေးရွာရှိကလေးသူငယ် များအား ပိုလီယိုရောဂါ ကာကွယ်ဆေးလာရောက်ထိုးနှံပေးခဲ့ပါသည်။ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး များလည်း လာရောက်တိုက်ကျွေးကြပါသည်။

အင်းနီကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ရွာအနီးအနားတွင် ဆေးဆိုင်ရှိပြီး ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားပါသည်။ သထုံမြို့နှင့် နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် သထုံခရိုင်ပြည်သူ့ဆေးရုံ ကြီးသို့ပို့ဆောင်ပေးနိုင်သည့် ကျန်းမာရေးနှင့် ပတ်သက်သောအခက်အခဲများမရှိပါ။

အင်းနီကျေးရွာတွင် သောက်သုံးရေများကိုလက်တူးတွင်းဖြစ်အဓိက ထားသုံးကြသော်လည်း နွေရာသီတွင် တစ်ရွာလုံးနီးပါးရှိ ရေတွင်းများ ရေခမ်းသဖြင့် ဘုန်းကြီးကျောင်းရှိ ရေတွင်းမှ ရေများကို အသုံးပြုကြပါသည်။ ဒါ့အပြင် ကျေးရွာရှိလက်တူးတွင်းများကို (၂၅)တောင်၊ ရွာအလယ်ရှိ ရေအသန်ဆုံးဖြစ်သည့် လက်တူးတွင်း(၂၇)တောင်တူးထားသော် လည်း တပေါင်း၊ တခူးလများတွင် ရေခမ်းသဖြင့် မရင်းရေတွင်းတွင် သွားရောက် ရေခပ်ယူသုံးစွဲ နေရပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာအလယ် ၌ စက်ရေတွင်းနှင့်စင်မြင့်ရေစင်တစ်ခုတည်ဆောက်ပေးပြီး ကျေးရွာ၏ နွေရာသီရေ ရှားပါးရေးဘေး ကို ဖြေရှင်းပေးခဲ့ပါသည်။

ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စုများ အနည်းငယ်သာရှိပါသည်။ အိမ်သာမရှိသည့် အိမ်ထောင်စုများသည် ကျေးရွာ အိမ်ထောင်စု၏ သုံးပုံ တစ်ပုံခန့်ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အင်းနီကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးခြင်းကို (၃)နှစ် တစ်ကြိမ်ခန့် ကြုံတွေ့ရပြီး အနိမ့်ပိုင်ဖြစ်သည့် နေအိမ်(၃)အိမ်ခန့်နစ်မြုပ်မှု ကြုံတွေ့ရပြီး တစ်ခါတစ်ရံ တမံပါ ရေမြုပ်ခြင်းကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲ မှုအနေဖြင့် အမှိုက်များကို မိမိအိမ်ခြံဝန်း အတွင်း၌ကျင်းတူးပြီး မီးရှို့သော ကြောင့် အမှိုက်စွန့်ပစ်မှုကြောင့် ကျေးရွာထိခိုက် မှုမရှိပါ။ အင်းနီကျေးရွာ၏ မြေဆီလွှာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်သဖြင့် စပါးစိုက်ပျိုး ချိန်တွင် မြေဩဇာအနည်းငယ်သာ အသုံးပြုရပါသည်။ မိုးတွင်းကာလများတွင် စပါးဖျက်ပိုးနှင့် နွေရာသီတွင် ခရုဖျက်ပိုးကြောင့် ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။

ကျောက်သဲနှင့်ကျောက်စရစ်များသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာနှင့် မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ် ကျေးရွာတို့မှ အလွယ်တကူရရှိအသုံးချနိုင်ပါသည်။ အင်းနီကျေးရွာတွင် သဘာဝ ဆေးဖက်ဝင် အပင်နှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များမရှိပါ။

အင်းနီကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စ ရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

အင်းနီကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင် ကြသော်လည်း စိုက်ပျိုးသည့် အချိန်တွင် ရာသီဥတုကြောင့် စပါးများ ပျက်စီးသဖြင့် စပါးများကို ပြန်လည် စိုက်ပျိုးရသောကြောင့် အချိန်ကုန် ငွေကုန် သဖြင့် စိုက်ပျိုးရေးအတွက် ကုန်ကျ စရိတ်များ ပြားသည် စားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့နည်းပါသည်။ စိုက်ပျိုးရေးအတွက် ဈေးမသွယ် ချောင်းရေဖြင့် စိုက်ပျိုးလုပ်ကိုင်သည့် လယ်ကောများ ရေအခက်အခဲကြုံတွေ့နေရပါသည်။ မိုးရာသီတွင်ဂျက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပြီး တီဘီရောဂါ လူနာအနည်းငယ်ရှိပါသည်။ ကျေးရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခ မရှိပါ။ ရာသီကူးပြောင်းမှုတွင် ခွာနာ၊ လျှာနာရောဂါ စသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိသည်။ ကြက်၊ ဝက် တုတ်ကွေးရောဂါဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။

ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။အင်းနီကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံပါက အခြားအိမ်ထောင်စုများတက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေ့ပြောင်းလုပ်သား များမှာ နေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း အသက်မွေးမှုနည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စု များရခြင်းဖြစ်သည်။ နေရပ်ပြန်လည် အခြေချသော အိမ်ထောင်စုများမရှိပါ။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

အင်းနီကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများပါဝင်မှုအားနည်းသော် လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသလောက် နည်းပါး ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုနှင့် တရားမျှတ မှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု အားနည်းပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ထောင်မှူးကျေးရွာအုပ်စု			ကျေးရွာအမည် – အင်းနီကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အမှတ်(၅)လမ်း(၂၀၀၀')အားမြေသားလမ်းမှ (၂၀၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး၁
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အမှတ်(၁)လမ်း(၃၅၀၀')အားမြေသားလမ်းမှ (၃၅၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး၂
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အမှတ်(၂)လမ်း(၂၅၀၀')အားမြေသားလမ်းမှ (၂၅၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး၃
၄	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းနှင့်စင်မြင့်ရေစင်တည်ဆောက်ခြင်း။	
၅	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကြောင်းဆိုင်ရာ(စက်ချုပ်၊ဆပ်ပြာရည်၊ဖုန်း ပြင်၊ မုန့်လုပ်နည်း၊ရေခဲမုန့်လုပ်နည်း၊စက်ပြင်၊(computer, speaking)စသည့်သင်တန်းများဖွင့်လှစ်ခြင်း။	
၆	လျှပ်စစ်မီး	မဟာဓါတ်အားလိုင်း	တစ်ရွာလုံးရှိမီးကြိုးများအား ကာဗာမီးကြိုးများပြောင်းလဲတပ်ဆင်ခြင်း။	

၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းအတွင်းစက်ရေတွင်းနှင့်စင်မြင့်ရေစင်တည်ဆောက်ခြင်း။	
ကျေးရွာအုပ်စုအမည် – ထောင်မှူးကျေးရွာအုပ်စု			ကျေးရွာအမည် – အင်းနီကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	မူလတန်းကျောင်းခြံစည်းရိုး(၂၅၀')အားအုတ်နံရံခြံစည်းရိုးကာရံခြင်း။	
၉	ငွေကြေး	ရပ်ရွာခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြို့ဆင်းလမ်း(၂၀၀၀')အားမြေသားလမ်းမှ (၂၀၀၀' x ၁၂' x၄')မြေသားလမ်းအဆင့်မြှင့်တင်ခြင်း။	
၁၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အမှတ်(၃)လမ်း(၂၀၀၀')အားမြေသားလမ်းမှ (၂၀၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၁၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အမှတ်(၄)လမ်း(၁၂၀၀')အားမြေသားလမ်းမှ (၁၂၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၀'x၁၀၀')တည်ဆောက်ခြင်း။	

		ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း		
၁၄	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်း။	
ကျေးရွာအုပ်စုအမည် – ထောင်မှူးကျေးရွာအုပ်စု			ကျေးရွာအမည် – အင်းနီကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၅	မွေးမြူရေး	နည်းပညာ	မွေးမြူရေးနည်းပညာပေးသင်တန်းများစီစဉ်ဆောင်ရွက်ပေးခြင်း။	
၁၆	သယံဇာတနှင့်သဘာဝပတ် ဝန်းကျင်	သဘာဝဘေးလျော့ချရေး	သဘာဝဘေးလျော့ချရေးဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲများပြုလုပ်ခြင်း။	
၁၇	လူငယ်နှင့်အားကစား	အားကစား	အားကစားပစ္စည်းဝယ်ယူခြင်းနှင့်အားကစားကွင်းပြုလုပ်ခြင်း။	
၁၄				
၁၅				

အင်းနီကျေးရွာ၊ ထောင်မှူးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမောင်ဦး	ဦးတုတ်ပု	၁၀/သထန (နိုင်) ၀၀၈၆၂၆	၆၀	အုပ်ချုပ်ရေးမှူး/ နာယက	၀၉၄၂၅၃၃၂၂၈၈၉၇
၂	ဦးအေးမြင့်	ဦးရွှေနာရီ	၁၀/သထန (နိုင်) ၁၅၅၄၀၇	၅၂	နာယက	၀၉၄၂၅၃၃၁၂၄၀၂
၃	ဒေါ်ထားနွယ်	ဦးထွန်းလွင်	၁၀/သထန (နိုင်) ၁၈၃၂၃၈	၂၄	ဥက္ကဋ္ဌ	၀၉၇၇၉၉၉၇၄၃၈
၄	ဦးမြင့်လွင်	ဦးစေး	၁၀/သထန (နိုင်) ၀၆၂၉၄၀	၄၈	အတွင်းရေးမှူး	၀၉၂၅၅၇၈၀၀၃၂
၅	ဦးစိန်ဝင်း	ဦးရွှေမင်း	၁၀/သထန (နိုင်) ၀၀၅၈၆၄	၅၇	ဘဏ္ဍာရေးမှူး	၀၉၄၂၅၃၃၅၆၄၉
၆	ဒေါ်ညိုမိလှိုင်	ဦးပါးကလိ	၁၀/သထန (နိုင်) ၂၂၁၆၅၆	၂၃	စာရင်းကိုင်	၀၉၇၅၁၀၉၆၄၆၂
၇	ဒေါ်ထွေး	ဦးဖိုးညာ	၁၀/သထန (နိုင်) ၀၀၆၁၄၇	၆၃	အဖွဲ့ဝင်	၀၉၇၆၆၃၇၇၃၆၁၆
၈	ဦးတင်အောင်ဝင်း	ဦးခင်မြင့်	၁၀/သထန (နိုင်) ၂၆၀၈၅၉	၃၃	အဖွဲ့ဝင်	၀၉၂၅၅၉၄၈၂၅၄
၉	ဒေါ်နန်းမူသီ	ဦးပန်းလယ်	၁၀/သထန (နိုင်) ၁၂၇၈၂၃	၄၆	အဖွဲ့ဝင်	၀၉၇၇၀၇၄၇၉၃၇
၁၀	ဒေါ်နောဖောဖော	ဦးဖားထောခေါ့	၁၀/သထန (နိုင်) ၂၉၄၁၁၂	၄၄	အဖွဲ့ဝင်	–

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၆	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၃	၂၅	၄၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၄	၃၁	၇၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၄	၅၆	၁၀၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၃၈	၃၄၆	၆၈၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၁၇	၃၃
စုစုပေါင်း		၄၇၃	၄၈၁	၉၅၄
စုစုပေါင်း အိမ်ထောင်စု		၁၅၄		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ အင်းနီကျေးရွာတွင် အိမ်ထောင်စု (၁၅၄) စု၊အိမ်ခြေ(၁၅၄)အိမ်၊ လူဦးရေ (၉၅၄) ဦး ရှိပါသည်။ အင်းနီကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၄၆%)၊ မူလတန်း ကျောင်းသားအရွယ် (၇.၈၆%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၀.၄၈%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၇၁.၆၉%)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၄၅%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၈.၃)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၃၃၈) ဦး၊ မ (၃၄၆) ဦး စုစုပေါင်း (၆၈၄) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၁.၆၉%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ် လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၂	၃၀	–	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့် ☐ လတ်☐ နိမ့် ✓
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့် ☐ လတ်☐ နိမ့် ✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၈	–	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	တက္ကသိုလ်နှင့်နီးသော ကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၂၃၅	၃၈၈	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၂၆၈	၄၂၇	-	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အင်းနီကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သူများပြားပြီး တပိုင်တနိုင်စျေးဆိုင်များ ဖွင့်လှစ်ထားသည့်အိမ်ထောင်စုများအနည်းငယ်ရှိသည်။ နွေရာသီတွင် ကျဘမ်းလုပ်ငန်းကို လုပ်ကိုင်ကြပြီး မိုးတွင်းကာလများတွင် နွေစားကျဘမ်းများသည် ကား၊ ဆိုင်ကယ်၊ သုံးဘီးမောင်း၍ ခရီးသည်ပို့ဆောင်ခြင်းဖြင့်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စျေးဆိုင်များလုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသောကြောင့် အခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများပြားခြင်းဖြစ်သည်။ စီးပွားရေးဖြင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိသော်လည်းတစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နွေစား	၅၀၀၀	၆၀၀၀	၈၀၀၀	၄၀၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၆၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၉၆	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၆၂.၃	ကောင်း☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၅၈.၃	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ အင်းနီကျေးရွာတွင် လယ် (၂၉၆) ဧကနှင့် ရော်ဘာခြံ (၆၂.၃) ဧက ရှိပြီး အခြားနီးစပ်ရာကျေးရွာမှ လယ်မြေများနှင့် ယှဉ်လျှင် မြေဆီလွှာ အရည်အသွေး ညံ့ပါသည်။ သီးနှံများ မစိုက်သည့် မြေလွတ်မြေလပ် များမရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဲနှင့်ကျောက်စရစ်များသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာနှင့် မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာတို့မှ အလွယ်တကူရရှိအသုံးချနိုင်ပါသည်။ အင်းနီကျေးရွာတွင် သဘာဝ

ဆေးဖက်ဝင်အပင်နှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကအထက်	၂.၅ဧကမှ၅ဧက	၂.၅ ဧကအောက်	မရှိ
အိမ်အခြေအနေ	သစ်အိမ်	သွပ်မိုး၊ ပျဉ်ထောင်ကာ	ပျဉ်ခင်း၊ဝါးအိမ်	ဖက်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ် ထော်လာကျီ	ဆိုင်ကယ်	ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စပါး၊ ရော်ဘာခြံ၊ ဈေးဆိုင်	စပါး၊ ရော်ဘာခြံ	စပါး၊ ဆိုင်ကယ်	ကြံ့ရာကျပန်း၊ ထိုင်း
အိမ်ထောင်စု	၁၁	၃၀	၆၆	၄၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အင်းနီကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုအနည်းငယ်ရှိပြီး ကိုယ်ပိုင် စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု၃၀ ရှိပြီး စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြသည်။ မပြေလည်သော်အိမ်ထောင်စု များသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများ သည် ကောက်စိုက်၊ ပျိုးနုတ် စသည့် ရာသီအလိုက် ကြံ့ရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ပြင်ပသို့ သွားရောက်လုပ်ကိုင်သူအများအပြားရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

.....

.....

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အင်းနီကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများမရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စ ရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အင်းနီကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးသည့် အချိန်တွင် ရာသီဥတုကြောင့် စပါးများ ပျက်စီးသဖြင့် စပါးများကို ပြန်လည် စိုက်ပျိုးရသောကြောင့် အချိန်ကုန် ငွေကုန် သဖြင့် စိုက်ပျိုးရေးအတွက် ကုန်ကျ စရိတ်များ

ပြားသည် စားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့နည်းပါသည်။ စိုက်ပျိုးရေးအတွက် ဈေးမသွယ်ချောင်းရေဖြင့် စိုက်ပျိုးလုပ်ကိုင်သည့် လယ်ကေများ ရေအခက်အခဲကြုံတွေ့နေရပါသည်။ မိုးရာသီတွင်ဌက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပြီး တီဘီရောဂါ လူနာအနည်းငယ်ရှိပါသည်။ ကျေးရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခမရှိပါ။ ရာသီကူးပြောင်းမှုတွင် ခွာနာ၊ လျှာနာရောဂါ စသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိသည်။ ကြက်၊ ဝက် တုတ်ကွေးရောဂါဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုမရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ✓	နိမ့်✓	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
